Australian Government
Services Australia

BURMESE

# သြစတြေးလျနိုင်ငံ ပြင်ပကို ခရီးသွားနေပါသလား။

## သြစတြေးလျနိုင်ငံ ပြင်ပရောက်နေစဉ် ထောက်ပံ့ကြေးများ

သြစတြေးလျနိုင်ငံ ပြင်ပရောက်နေစဉ် ထောက်ပံ့ကြေးများ သို့မဟုတ် လျှော့ဈေးသက်သာခွင့်ကတ်ပြား ရရှိရန် သင်သည် ထောက်ပံ့ကြေးငွေ တစ်ခုစီ သို့မဟုတ် လျှော့ဈေးသက်သာခွင့်ကတ်ပြား အတွက် ရထိုက်ခွင့် သတ်မှတ်ချက်များနှင့် ဆက်လက် ကိုက်ညီနေရမည်။

သင်၏ ထောက်ပံ့ကြေးများ သို့မဟုတ် လျှော့ဈေးသက်သာခွင့်ကတ်ပြားများအပေါ် မူတည်၍ သြစတြေးလျနိုင်ငံ ပြင်ပ ခရီးထွက်ခြင်းမှာ သင့်အပေါ် မည်သို့ သက်ရောက်နိုင်ကြောင်း စည်းမျဉ်း အမျိုးမျိုးရှိသည်။ သင် သြစတြေးလျနိုင်ငံမှ ထွက်ခွာသည့်အခါ သင့် ထောက်ပံ့ကြေးများ သို့မဟုတ် လျှော့ဈေးသက်သာခွင့် ကတ်ပြားများသည် ပြောင်းလဲနိုင်သည် သို့မဟုတ် ရပ်ဆိုင်းပင် ရပ်ဆိုင်းသွားနိုင်သည်။ သင် နိုင်ငံရပ်ခြားရောက်နေစဉ် ထောက်ပံ့ကြေးများနှင့် လျှော့ဈေးသက်သာခွင့်ကတ်ပြားများအကြောင်း သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်- **servicesaustralia.gov.au/paymentsoverseas** တွင် ကြည့်ရှုပါ။

သင် ခရီးမထွက်မီ ဝက်ဘ်ဆိုက်ကို စစ်ဆေးပါ သို့မဟုတ် ဖုန်း **131 202** သို့ သင့် ဘာသာစကားဖြင့် ပြောဆိုရန် ခေါ်ဆိုပါ။

## သင့် အခြေအနေများအပေါ် ပြောင်းလဲချက်များ အကြောင်း ကျွန်ုပ်တို့အား ပြောပြပါ

သင် နိုင်ငံရပ်ခြားသို့ရောက်ရှိနေစဉ် သင့် ထောက်ပံ့ကြေးများ သို့မဟုတ် လျှော့ဈေးသက်သာခွင့်ကတ်ပြားများကို သက်ရောက်မှုရှိနိုင်သည့် ပြောင်းလဲချက်များအကြောင်းကို သြစတြေးလျ၌ရှိစဉ် သတင်းပို့သည့်အတိုင်း ကျွန်ုပ်တို့ကို ပြောပြပါ။ ဥပမာ၊ အကယ်၍ သင် ပေါင်းဖက်ဆက်ဆံရေး (အိမ်ထောင်) စတင်လျှင် သို့မဟုတ် အဆုံးသတ်လျှင် ကျွန်ုပ်တို့အား ပြောပြရန် လိုအပ်သည်။

## သင့် ခရီးထွက်သည့်အကြောင်း ကျွန်ုပ်တို့အား ပြောပြပုံ

သင့် ခရီးစဉ်များအကြောင်း ကျွန်ုပ်တို့အား ပြောပြရန် အလွယ်ကူဆုံး နည်းလမ်းမှာ myGov မှတစ်ဆင့် Centrelink အွန်လိုင်း စာရင်းကို အသုံးပြုရန်ဖြစ်ပါသည်။ သင်၏ နိုင်ငံရပ်ခြား ခရီးစဉ်အသေးစိတ်ကို အွန်လိုင်းတွင် အချိန်မရွေး သင် ထည့်သွင်းနိုင်သည်၊ ကြည့်နိုင်သည်၊ ပြင်ဆင်ပြီး ဖယ်ရှားနိုင်ပါသည်။

သင် သြစတြေးလျနိုင်ငံမှ မထွက်ခွာမီ myGov မှတစ်ဆင့် Centrelink စာရင်းကို စာရင်းဖွင့်ပါ သို့မှသာ သင် အဝေး၌ရှိနေစဉ် သင့်ခရီးစဉ်များကို ကျွန်ုပ်တို့အား ပြောပြနိုင်ပြီး သင့်စာများနှင့် အခြား ဝန်ဆောင်မှုများ အွန်လိုင်းဖြင့် ရယူနိုင်ပါမည်။

သြစတြေးလျ လူဝင်မှုကြီးကြပ်ရေး ဌာနသည်လည်း သင် သြစတြေးလျမှ ထွက်ခွာသည့်အခါ ကျွန်ုပ်တို့အား ပြောပြပါမည်။

အကယ်၍ သင့်တွင် myGov စာရင်း မရှိလျှင် **my.gov.au** သို့ဝင်ရောက်၍ စာရင်းဖွင့်လှစ်ပါ။ သင်၏ myGov စာရင်းသို့ Centrelink စာရင်းကို ချိတ်ဆက်ရန် 'Services' (ဝန်ဆောင်မှုများ) ကို ကလစ်နှိပ်ပြီးနောက် Centrelink နှင့်သောရှိ အချိတ်အဆက်ရပ်ပုံကို နှိပ်ခြင်းဖြင့်လုပ်ရန် လိုအပ်ပါမည်။ သင်၏ myGov စာရင်းသို့ အမှန်အကန် မှတ်တမ်း ချိတ်ဆက်မိနေစေရန် မေးခွန်းအချို့ကို သင် ဖြေကြားရန်လိုအပ်နိုင်သည်။

အကယ်၍ သင့် မိုဘိုင်းဖုန်းကို myGov တွင် တင်သွင်းထားလျှင် နိုင်ငံရပ်ခြား၌ ရှိနေစဉ် ဤဖုန်းနံပါတ်မှ ဖုန်းအမှာစာများ ရနိုင်သည်ကို သင် သေချာစေပါ။

## ဩစတြေးလျနိုင်ငံ ပြင်ပ၌ရှိနေစဉ် Medicare ရယူခြင်း

နိုင်ငံရပ်ခြား၌ရှိနေစဉ် သင် Medicare ကို အသုံးပြုနိုင်မည် မဟုတ်ပါ။ အကယ်၍ သင် နေထိုင်မကောင်းလျှင် ဆေးဝါးကုသမှု အားလုံးအတွက်အခကြေး သင် ပေးရနိုင်သည်။ အကယ်၍ သင် သွားရောက်မည့်နိုင်ငံနှင့် Reciprocal Health Care Agreement (RHCA) ရှိလျှင် အချို့ အရာများအတွက်အခကြေး သင် မပေးရနိုင်ပါ။ ဤသဘောတူညီချက်များတွင် အချို့နိုင်ငံများတွင် ရောက်ရှိနေသည့် ဩစတြေးလျနိုင်ငံ နေထိုင်သူများအတွက် ဆေးဖက်ဆိုင်ရာ လိုအပ်သည့် ကုသမှုအတွက် ကုန်ကျစရိတ် အကျုံးဝင်နေပြီး နိုင်ငံခြား ခရီးအတွက် ပုဂ္ဂလိက ကျန်းမာရေး အာမခံကို အစားထိုးလိုက်သည် မဟုတ်ပါ။

အကယ်၍ သင် သဘောတူညီချက်ရှိသည့် နိုင်ငံသို့ ခရီးထွက်လျှင် သင် လက်ရှိ Medicare ကတ်ပြားကို သင်နှင့်တစ်ပါးတည်း ယူဆောင်သွားပါ။ ၎င်းသည် အကယ်၍ သင် ဆေးဝါးကုသမှု လိုအပ်လျှင် ပိုမို လွယ်ကူစေပါသည်။

Reciprocal Health Care Agreements သည် အကယ်၍ သင် RHCA နိုင်ငံများ၌ သီးခြား ဆေးဝါးကုသမှု ရှာဖွေသည့် ရည်ရွယ်ချက်ဖြင့် ခရီးသွားလျှင် အကျုံးမဝင်ပါ။

ဩစတြေးလျနိုင်ငံသည် သင် သွားမည့်နိုင်ငံနှင့် သဘောတူညီချက် မရှိမရှိ အပါအဝင် Reciprocal Health Care Agreements သတင်းအချက်အလက်ကို **servicesaustralia.gov.au/rhca** တွင် ကြည့်ရှုပါ။

## သင့် ဆေးဝါးများကို နိုင်ငံရပ်ခြားသို့ ယူဆောင်သွားခြင်း သို့မဟုတ် ပို့ဆောင်ခြင်း

သင် ကိုယ်ပိုင် သုံးစွဲရန်ဖြစ်စေ သို့မဟုတ် သင်နှင့်အတူ ခရီးထွက်မည့်သူက သုံးစွဲရန်ဖြစ်စေ မဟုတ်သည့် Pharmaceutical Benefits Scheme ဆေးဝါးများကို ဩစတြေးလျနိုင်ငံ ပြင်ပသို့ ယူဆောင်ခြင်း သို့မဟုတ် ပို့ဆောင်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။

နိုင်ငံရပ်ခြား၌ရှိနေစဉ် Medicare အပါအဝင် သင့် ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သတင်းအချက်အလက်ကို ဝက်ဘ်ဆိုက်– **servicesaustralia.gov.au/australiansoverseas** တွင် ဖတ်ရှုနိုင်သည်။

သင် ခရီးမထွက်မီ ဝက်ဘ်ဆိုက်ကို စစ်ဆေးပါ သို့မဟုတ် ဖုန်း **132 011** ကို Medicare နှင့် နိုင်ငံခြားသို့ ဆေးဝါးများ သယ်ဆောင်သွားခြင်း အကြောင်း သင့် ဘာသာစကားဖြင့်ပြောဆိုရန် ခေါ်ဆိုပါ။

## ပိုမိုသိရှိရန်

- အင်္ဂလိပ်စာ ပိုမိုသိရှိရန် **servicesaustralia.gov.au/paymentsoverseas** တွင် ကြည့်ပါ။
- သင့်ဘာသာစကားဖြင့် အချက်အလက်များ ကြည့်ရှုရန်၊ နားထောင်ရန် သို့မဟုတ် ဖတ်ရှုရန် **servicesaustralia.gov.au/yourlanguage** သို့ ဝင်ရောက်ပါ။

- Centrelink ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများအကြောင်း သင့် ဘာသာစကားဖြင့် ကျွန်ုပ်တို့နှင့်ပြောဆိုရန် ဖုန်း **131 202** ကိုဆက်ပါ။
- ဖုန်း **132 011** ကို Medicare အတွက်နှင့် ဖုန်း **131 272** ကို Child Support အတွက် ဆက်ပါ။ သင် စကားပြန်တစ်ဦးလိုလျှင် ကျွန်ုပ်တို့ကို အသိပေးပါ၊ ကျွန်ုပ်တို့ စကားပြန်တစ်ဦးကို အခမဲ့ စီစဉ်ပေးပါမည်။
- ဝန်ဆောင်ဌာန တစ်ခုသို့ သွားရောက်ပါ။

**မှတ်ချက်**– သင့်အိမ်ဖုန်းမှ ဩစတြေးလျနိုင်ငံ မည်သည့်နေရာမှမဆို '13' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများကို ပုံသေ ဖုန်းခေါ်နှုန်းဖြင့် ကျသင့်ပါသည်။ အဆိုပါ ဖုန်းခေါ်နှုန်းမှာ မြို့တွင်းဖုန်းခေါ်နှုန်းနှင့် ကွဲပြားနိုင်သည်၊ တယ်လီဖုန်း ကုမ္ပဏီအချင်းချင်းအကြားတွင်လည်း ကွဲပြားနိုင်သည်။ သင့်အိမ်ဖုန်းမှ '1800' နံပါတ်များသို့ ဖုန်းခေါ်ဆိုမှုများမှာ အခမဲ့ဖြစ်သည်။ အများပြည်သူဖုန်းနှင့် မိုဘိုင်းဖုန်းများမှ ဖုန်းခေါ်ဆိုမှုများကို အချိန်တိုင်းတာထားပြီး ပိုမိုကြီးမြင့်သော နှုန်းဖြင့် ကျသင့်နိုင်သည်။

## တာဝန်မယူ ငြင်းဆိုချက်

ဤစာစောင်တွင် ပါဝင်သော အချက်အလက်များ သည် ထောက်ပံ့ကြေးများနှင့် ဝန်ဆောင်မှုများ အတွက် လမ်းညွှန်တစ်ခု အဖြစ်သာ ရည်ရွယ်ပါသည်။ ထောက်ပံ့ကြေးအတွက် လျှောက်ထား လိုမလို နှင့် သင်၏ သီးခြား အခြေအနေများအပေါ် မူတည်၍ လျှောက်လွှာတင်သွင်း လိုမလို ဆုံးဖြတ်ရန် သင့်တာဝန်သာဖြစ်သည်။

# Are you travelling outside Australia?

## Payments while outside Australia

To get your payments or concession cards while outside Australia, you must continue to meet the eligibility requirements for each payment or concession card.

Depending on your payments or concession cards, there are different rules on how travelling outside Australia may affect you. When you leave Australia, your payments or concession cards may change or even stop. For information about payments and concession cards while you are overseas go to **servicesaustralia.gov.au/paymentsoverseas**

Check the website before you travel or call **131 202** to speak to us in your language.

## Tell us about changes to your circumstances

It is important that you tell us about any changes that may affect your payments or concession cards while you are overseas, as you would if you were in Australia. For example, you need to tell us if you start or stop a relationship.

## How to tell us about your travel

The easiest way to tell us about your travel plans is to use your Centrelink online account through myGov. You can add, view, update and remove your overseas travel details online at any time.

Register for a Centrelink online account through myGov before you leave Australia so you can tell us about your travel plans and access your letters and other services online while you are away.

Australia's immigration department will also tell us when you leave Australia.

If you do not have a myGov account, go to **my.gov.au** to create an account. You will need to link Centrelink to your myGov account by selecting 'Services' and then the link icon next to Centrelink. You may need to answer some questions to make sure the correct record is linked to your myGov account.

If you choose to register your mobile number with myGov, make sure you can get messages from this number while overseas.

## Accessing Medicare while outside Australia

You will not be able to use Medicare services while overseas. If you get sick, you may have to pay for all your medical treatment. If there is a Reciprocal Health Care Agreement (RHCA) in place with the country you are going to, you might not have to pay for some things. These agreements cover the cost of medically necessary treatment for Australian residents travelling in some countries and do not replace private travel health insurance for overseas travel.

If you are going to a country with an agreement, take your current Medicare card with you. This can make the process easier if you do need medical treatment.

Reciprocal Health Care Agreements do not apply if you travel for the specific purpose of seeking medical treatment in RHCA countries.

For more information about Reciprocal Health Care Agreements, including if Australia has one with the country you are travelling to, go to **servicesaustralia.gov.au/rhca**

## Taking or sending your medicines overseas

It is illegal to take or send Pharmaceutical Benefits Scheme medicines out of Australia that are not either for your personal use or the use of someone travelling with you.

For information about our payments and services while overseas, including Medicare, go to, **servicesaustralia.gov.au/australiansoverseas**

Check the website before you travel or call **132 011** to speak to us in your language about Medicare and taking medicines overseas.

## For more information

- Go to **servicesaustralia.gov.au/paymentsoverseas** for more information in English.
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language.
- Call **131 202** to speak with us in your language about Centrelink payments and services.
- Call **132 011** for Medicare and **131 272** for Child Support. Let us know if you need an interpreter, and we will arrange one for free.
- Visit a service centre.

**Note**: calls from your home phone to ‘13’ numbers from anywhere in Australia are charged at a fixed rate. That rate may vary from the price of a local call and may also vary between telephone service providers. Calls to ‘1800’ numbers from your home phone are free. Calls from public and mobile phones may be timed and charged at a higher rate.

## Disclaimer

The information contained in this publication is intended only as a guide to payments and services. It’s your responsibility to decide if you wish to apply for a payment and to make an application with regard to your particular circumstances.